# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 14 August 2025 ၁၁၉၀၉


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူရာတွင် ပင့်ဆောင်ပူဇော်သည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိရာအဆောက်အအုံ ပြုပြင်မွမ်းမံမှုလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး



ညောင်ရွှေ သြဂုတ် ၁၃

မန္တလေးငလျင်ကြီး ဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာသုံးကျောင်းတော်အချို့နေရာများ၊ ရင်ပြင်တော် အချို့နေရာများ၊ ဒေသစာရီကြွချီပူဇော်ခံရာတွင် ပင့်ဆောင်ပူဇော်သည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိရာအဆောင်တို့ ထိခိုက်ပျက်စီးခဲ့ရသည်။

**အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိ**

ထိုသို့ ထိခိုက်ပျက်စီးမှုများအား နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုများဖြင့် ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို သတ်မှတ်ကာလအမီ ပြီးစီးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○


**ယနေ့ ဖတ်စရာ**

**ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ** စာမျက်နှာ » ၄

---

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေများအား ပြည်သူသို့ အသိပေး သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၅


## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် သြဂုတ် ၁၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C11 (Standard) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Geometry E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် G-Energy Plus Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) SKY EV 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ကြေးမုံ

# လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကြိုးပမ်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့်လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲကျင်းပရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့် အနှောင့်အယှက်များ အမျိုးမျိုးအဖုံဖုံ ရှိမည်ဖြစ်သော်လည်း ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေးကို ကြိုးတင်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး မဲဆန္ဒနယ်များအလိုက် အချက်အလက်များကောက်ယူခြင်းနှင့် နယ်မြေအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်ရယူခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်အောင် ရွေးကောက်ပွဲကိုပြုလုပ်နေခြင်းဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် လွှတ်တော်အသီးသီး ခေါ်ယူဖွဲ့စည်းနိုင်ရေး၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ တာဝန်ပေးအပ်ပြီး အစိုးရဖွဲ့စည်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်၍ ရွေးကောက်ပွဲအထမြောက်အောင်မြင်အောင် ကျင်းပနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့် စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၂ ရက်နေ့က ကျင်းပသော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့် နိုင်ငံများလည်းရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူ မည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲအောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။ အခြားနိုင်ငံများတွင်လည်း သတ်မှတ်ထားခြင်းမရှိသည်ကို တွေ့ရသည်။ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။ လွှတ်တော်အစည်းအဝေး အထမြောက်ရန်အတွက်လည်း ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အထမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅၀ ရာခိုင်နှုန်းတက်ရောက်နိုင်ရန် ဆောင်ရွက်နိုင်သည့် မြို့နယ်အားလုံး၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

မဲမသမာမှုမရှိစေရေး၊ မဲပေးမှုမှန်ကန်တိကျရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အကုန်အကျခံကာ စီစဉ်ထားသည်။ ရွေးကောက်ပွဲတွင်ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား အကြမ်းဖက်သမားများက နှောင့်ယှက်ဟန့်တားတိုက်ခိုက်မှုများကို ထိရောက်သည့် ဟန့်တားကာကွယ်ပေးမှုများစီစဉ်ထားရာ နှောင့်ယှက်လာနိုင်သည့် အကြမ်းဖက်အဖျက်သမားအန္တရာယ်များကို ဝိုင်းဝန်းတားဆီးကာကွယ်သွားကြကာ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ရွှေကျင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရွှေကျင် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ဩဂုတ် ၁၃ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေကျင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းနိုင်လင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်း ရှိ/မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထွန်းထွန်းဇော်(ပြန်/ဆက်)

## မင်းလှမြို့နယ်၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



သာယာဝတီ ဩဂုတ် ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းမြတ်စိုး၊ မင်းလှမြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးသန္တာအောင်တို့နှင့်အတူ ယမန်နေ့က မင်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တော်ကမံ - ပျဉ်ထောင်တွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။ ကွင်းဆင်းစစ်ဆေးစဉ် ကျောက်များ အရွယ်အစား မှန်ကန်ရေး၊ အရည်အသွေးပြည့်မီရေးနှင့် QC စစ်ဆေးခြင်း လုပ်ငန်းများ စနစ်တကျစစ်ဆေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၁၃- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၃၉၉ | ၂,၈၀၅,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၀၀ | ၂,၀၄၆ | ၆,၃၄၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၈ | ၆၁,၆၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၀၃၅ | ၂,၀၁၈,၂၅၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၇၆၇ | ၁,၉၅၅,၈၅၀ |
| EFR | ၁,၆၀၀ | ၁,၇၀၀ | ၂,၄၀၅ | ၄,၀၄၈,၀၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၅၀ | ၅၈၇ | ၁,၉၉၃,၀၅၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၀၀ | ၃၂၀,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး / လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dunford အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dunford အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှန်တကယ်လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အထွေထွေရွေးကောက်ပွဲကျင်းပရေးကိစ္စရပ်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံး၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ စုပေါင်းရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် မိတ္တူလျှောက်ထားသူပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်ရှိ e-ID Sever ရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ပြင်ဆင်ဖြည့်စွက်ကာ မဲစာရင်းမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများအနက် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ လက်ရှိယာယီတဲများဖြင့်နေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး Container House ၌ ဝန်ထမ်းများကိုတွေ့ဆုံကာ လေဆိပ်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေ၊ လေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ လေဆိပ်ရုံးခန်းများ ပြန်လည်ပြင်ဆင်ပြီးပါက လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလေးဖောင်တော်ဦးဘုရား စေတီတော်မြတ်ကြီးရင်ပြင်နှင့် တန်ဆောင်းပျက်စီးမှုများ ပြုပြင်မွမ်းမံပြင်ဆင်ရန် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**တောင်ကြီး ဩဂုတ် ၁၃**

အင်းလေးဖောင်တော်ဦးဘုရား စေတီတော်မြတ်ကြီး ရင်ပြင်နှင့် တန်ဆောင်း ပျက်စီးမှုများ ပြုပြင်မွမ်းမံပြင်ဆင်ရန် တည်ဆောက်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မန္တလေးငလျင်ကြီးကြောင့် အင်းလေးဖောင်တော်ဦးဘုရား စံကျောင်းတော်မုခ်ဦး၊ တန်ဆောင်းများနှင့် ရင်ပြင်တော်တို့ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားများ ဒေသစာရီကြွချီအပူဇော်ခံရန် အချိန်နီးကပ်လာပြီဖြစ်၍ ပြုပြင်ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် အခက်အခဲများ ရှိပါက တင်ပြကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တည်ဆောက်ရေးလုပ်ငန်းကော်မတီများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား စံကျောင်းတော်မုခ်ဦး၊ တန်ဆောင်းနှင့် ဘုရားရင်ပြင်တော် ပြင်ဆင်ဆောင်ရွက်နေမှု၊ ဒေသစာရီ ကြွချီအပူဇော်ခံမည့် စံကျောင်းတော်များနှင့် ဆွဲလှေများ ပြင်ဆင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လုပ်ငန်းများအချောသပ်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**○ ရှေ့ဖုံးမှ**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိရာအဆောက်အအုံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့ တိုင်းရင်းသားပြည်သူများ၏ စုပေါင်းကုသိုလ်ပါဝင်လှူဒါန်းမှုဖြင့် မေ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အဆိုပါ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ယခုနှစ် သီတင်းကျွတ်ဖောင်တော်ဦးမြတ်စွာဘုရား အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံပွဲတော်ကာလအမီ ဆောင်ရွက်ပြီးစီးနိုင်ရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၃**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဇွန် ၁၄ ရက်တွင် ပထမအကြိမ်၊ ဇူလိုင် ၁၃ ရက်တွင် ဒုတိယအကြိမ် ကြိုတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"** ကို ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအား အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယနေ့တွင် ဗဟိုကော်မတီအစည်းအဝေးကို ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ထိပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများကိုအဆင့်အဆင့်ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးအတွက် အထူးအလေးထားလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"**ကို ရှင်လင်းတင်ပြပြီး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သက်နိုင်က အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် လျာထားအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



**ကလော ဩဂုတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကလောမြို့ ကလောချောင်း မြေထိန်းနံရံ လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လူကူးကြိုးတံတား ဆောက်လုပ်မည့်နေရာနှင့် ကလောဘူတာရုံ ပြုပြင်ဆောင်ရွက်နေမှု၊ ကလောချောင်းတစ်လျှောက် သဲနုန်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ကြည့်ရှုစစ်ဆေးစဉ် ကလောမြို့ သန့်ရှင်း သာယာလှပရေး၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်နှင့် မြို့နေပြည်သူလူထု ပူးပေါင်းပါဝင်ရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားပြီး အောင်ပန်းမြို့ အမက(၈)တွင် AHA Center ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အာဆီယံက လှူဒါန်းထားသော Prefabricated ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

**ပြန်လည်ပြုပြင်တည်ဆောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ် အထက(ခွဲ)(ကေလာ)၌ ယာယီ ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် အင်းလေး ဖောင်တော်ဦးဘုရား ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**ကြံခင်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်၏ စီမံမှုဖြင့် အခြေခံပညာ အထက်တန်းကျောင်း(ဘက်ရဲ)တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်ဖြန့်ဝေခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘက်ရဲနယ်မြေ မီးသတ်စခန်းမှ ဒုတိယ-မီးသတ်ဦးစီးမှူး ဦးစည်သူအောင် ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား သဘာဝဘေး ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး Life Jacket ဝတ်ဆင်နည်းများကို လက်တွေ့ပြသ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ရော့ဦးသာ**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ (ပဲခူးတိုင်းဒေသကြီးတာဝန်ခံ)က ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

တင်စိုး(ပဲခူး)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပါအဝင် အခြေခံအဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အစိုးရ စက်ရုံ/အလုပ်ရုံ၊ ရုံးအဆောက်အဦစသည့် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော် ဖြစ်သည်။ လူနေအိမ်၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိက စာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ စိုက်ပျိုးသီးနှံများအစရှိသည့် ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ် ဘီလီယံ ၃၂၀၀ ကျော် ဖြစ်သည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ဘီလီယံ ၇၉၇၉ ကျော် အမေရိကန်ဒေါ်လာ သန်း၃၈၀၀ ခန့် ဖြစ်သည်။

## ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | ကဏ္ဍ | ပျက်စီးဆုံးရှုံးမှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | **လူမှုရေးကဏ္ဍ** | | |
| | လူနေအိမ်/အဆောက်အဦ | ၂,၃၂၁,၄၉၄.၈၅၁ | ၂၉.၀၉၃ |
| | ပုဂ္ဂလိကယာဉ် | ၁၉,၀၁၇.၉၄၀ | ၀.၂၃၈ |
| | ပညာရေး | ၅၂၂,၄၆၂.၀၀၀ | ၆.၅၄၇ |
| | ကျန်းမာရေး | ၁၆၆,၆၆၆.၈၇၃ | ၂.၀၈၉ |
| | ဘာသာရေး | ၆၆၁,၄၀၁.၉၀၅ | ၈.၂၈၉ |
| | ယဉ်ကျေးမှု | ၅၀,၃၈၇.၅၀၈ | ၀.၆၃၁ |
| | **စုစုပေါင်း** | **၃,၇၄၁,၄၃၁.၀၇၇** | **၄၆.၈၈၇** |
| ၂ | **ထုတ်လုပ်မှုကဏ္ဍ** | | |
| | သီးနှံ | ၂၄၈.၈၇၅ | ၀.၀၀၃ |
| | တိရစ္ဆာန် | ၂,၁၃၃.၅၆၅ | ၀.၀၂၇ |
| | ဆည်မြောင်း၊ တာတမံ၊ ရေအရင်းအမြစ် | ၈၉,၃၄၄.၆၉၁ | ၁.၁၂၀ |
| | စက်ရုံ/အလုပ်ရုံ/လုပ်ငန်း | ၁၈၆,၆၃၉.၄၇၅ | ၂.၃၃၉ |
| | စီးပွားရေးလုပ်ငန်း | ၆၃၄,၄၀၀.၄၈၈ | ၇.၉၅၀ |
| | **စုစုပေါင်း** | ၉၁၂,၇၆၇.၀၉၄ | ၁၁.၄၃၉ |
| ၃ | **အခြေခံအဆောက်အဦကဏ္ဍ** | | |
| | လျှပ်စစ် | ၁၅၃,၉၀၂.၁၁၀ | ၁.၉၂၉ |
| | ပို့ဆောင်ရေး(လမ်း/တံတားရထားလမ်း) | ၂၅၇,၅၁၄.၅၉၆ | ၃.၂၂၇ |
| | ဆက်သွယ်ရေး | ၁၀,၁၅၁.၁၃၇ | ၀.၁၂၇ |
| | စွမ်းအင် | ၃၄၃.၂၇၀ | ၀.၀၀၅ |
| | စုစုပေါင်း | ၄၂၁,၉၁၁.၁၁၃ | ၅.၂၈၈ |
| ၄ | **အစိုးရဌာနဆိုင်ရာ** | | |
| | ရုံး၊ အဆောက်အဦ၊ ရုံးအသုံး အဆောက်နှင့် ဝန်ထမ်းအိမ်ရာ | ၂,၉၀၃,၄၁၅.၆၇၂ | ၃၆.၃၈၆ |
| | **စုစုပေါင်း** | **၂,၉၀၃,၄၁၅.၆၇၂** | **၃၆.၃၈၆** |
| **စုစုပေါင်းပျက်စီးဆုံးရှုံးမှု** | | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံးဖြစ်သည်။ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုက အများဆုံးဖြစ်၍ လူနေအိမ်/ အဆောက်အဦများ ပျက်စီးမှုက ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အဦများ ပျက်စီးမှုက တတိယအများဆုံး ဖြစ်သည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေး စတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ ရက်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄၂ ဒသမ ၀၉၄ ဘီလီယံကျော်၊ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄ ဒသမ ၇၃၃ ဘီလီယံကျော်၊ ဒဏ်ရာရသူများအတွက် ကျပ်ငွေ သုည ဒသမ ၁၇၅ ဘီလီယံ၊ နေအိမ်များပြန်လည်တည်ဆောက်ရန်ကျပ်ငွေ ၁၆၀၅ ဒသမ ၅၇၁ ဘီလီယံကျော် စုစုပေါင်းကျပ်ငွေ ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၃၄၀ ဘီလီယံကျော်ကို သုံးစွဲပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပမှ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီး ဖြစ်သည်။

ငလျင်ကြောင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့ရာ ဝန်ထမ်းများ နေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီကွန်တိန်နာအိမ် ၉၀၄၈ လုံး ၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာယီနေအိမ် ၂၉၇၂ ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင် ဆောက်လုပ်ခဲ့ပြီး ခုနစ်ဆောင် ဆောက်လုပ်ဆဲဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအားလုံးကို ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ ရာခိုင်နှုန်း၊ တံတားပျက်စီးမှု၏ ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ ရာခိုင်နှုန်း ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက် အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဆုံးရှုံးမှု (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ၃,၅၀၇,၂၇၀.၅၁၂ | ၄၃.၉၅၃ |
| ၂ | ကယားပြည်နယ် | ၆၉.၂၉၂ | ၀.၀၀၁ |
| ၃ | ကရင်ပြည်နယ် | ၂,၂၄၉.၆၉၃ | ၀.၀၂၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၅,၉၅၅.၄၅၂ | ၇.၀၉၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၃၈,၄၃၅.၂၉၇ | ၁.၇၃၅ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅၉၁.၈၃၉ | ၀.၀၀၇ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၃,၆၃၁,၆၃၁.၆၉၆ | ၄၅.၅၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၈.၄၁၀ | ၀.၀၀၅ |
| ၉ | ရှမ်းပြည်နယ် | ၁၃၂,၉၃၅.၂၆၅ | ၁.၆၆၆ |
| ၁၀ | ရေဝတီတိုင်းဒေသကြီး | ၇.၅၀၀ | ၀.၀၀၀ |
| **စုစုပေါင်း** | | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၃ ရက်အထိ သေဆုံးသူ ၃,၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅,၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# နိုင်ငံတော်ရှေ့သီးဖို့အရေး . . . . .

ဆုလတ်မေ

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်ကြွယ်ဝပြီး စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန် အထူးလိုအပ်ပါသည်။ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့် ဆောင်ပုဒ်သည် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

နိုင်ငံ့စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ရှိသည့်အနက် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ၏ အဓိက စီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးသည် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးမှာ အဓိကကျသည့်အချက်ဖြစ်ပါသည်။ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးတို့အတွက် ပြည်သူအားလုံးက အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မြေ၊ ရေ သယံဇာတပေါကြွယ်သည့် နိုင်ငံဖြစ်သည့်အတွက် အလုပ်လုပ်လျှင် လုပ်နိုင်သလောက် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အမှန်တကယ် အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန်လိုအပ်ပါသည်။



နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်များ ပြသရောင်းချစဉ်။

### နိုင်ငံတော်တိုးတက်ရေး ပြည်တွင်းထုတ်လုပ်မှုကို ဦးစားပေး

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် လယ်ယာ၊ စက်မှုလက်မှုနှင့် အခြားကုန်ထုတ်လုပ်ငန်းများကိုတိုးချဲ့ပြီး ပြည်တွင်းသုံးပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရပါမည်။ ပြည်ပမှ တင်သွင်းကုန်များအပေါ် မှီခိုမှုလျှော့ချကာ ပြည်တွင်းထုတ်ပစ္စည်းများကို အသုံးပြုရန်လိုအပ်ပါသည်။ နိုင်ငံသားတိုင်းက မိမိတို့နိုင်ငံ၏ ထုတ်ကုန်များကို ဦးစားပေးဝယ်ယူသုံးစွဲခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ပြည်ပကုန်ပစ္စည်းများထက် ပြည်တွင်းထုတ်ပစ္စည်းများကို ပိုမိုရွေးချယ်ဝယ်ယူခြင်းဖြင့် ဒေသခံလုပ်ငန်းရှင်များ၏ စီးပွားရေးတိုးတက်မှုကို အားပေးရာရောက်ပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရပါမည်။ အစိုးရက စက်မှုဇုန်များတည်ထောင်ပေးခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ပေးခြင်း၊ နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုများ ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိပါသည်။

### စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများသည် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ ဤကဏ္ဍများသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ပြည်ပပို့ကုန်တိုးတက်ရေးတို့အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်က ကျေးလက်ဒေသများတွင် နေထိုင်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ ထို့ပြင် စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံ စိုက်ပျိုးနိုင်သည့်နေရာများတွင် နေကြာကို ယခုထက် ပိုမိုတိုးတက်အောင် စိုက်ပျိုးရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။

အလားတူ မွေးမြူရေးလုပ်ငန်းသည်လည်း ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ကျယ်ပြန့်စွာလုပ်ကိုင်ကြပြီး နိုင်ငံအတွက်လိုအပ်သည့် အသားနှင့် နို့ထွက်ပစ္စည်းများ ဖူလုံရေးအတွက် အရေးပါလျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းများတွင် အဓိကအဖြစ် နွား၊ ကြက်၊ ဝက်ကိုလည်းကောင်း၊ ရေချိုနှင့် ရေငန်ငါးများကို စီးပွားဖြစ်လည်းကောင်း မွေးမြူကြပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ စိန်ခေါ်မှုများအဖြစ် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့် ရာသီဥတုပြောင်းလဲခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှုအနေဖြင့် ကျေးလက်ဒေသများတွင် ထုတ်ကုန်များ ဈေးကွက်သို့ရောက်ရှိရန် အခက်အခဲရှိခြင်း၊ တောင်သူများအတွက် ခေတ်မီနည်းပညာနှင့် ငွေကြေးအထောက်အပံ့များ လိုအပ်ခြင်း စသည်များကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။

သို့ဖြစ်ရာ အနာဂတ်တွင် နိုင်ငံ့ဖွံ့ဖြိုးရေးလမ်းညွှန်အဖြစ် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အရည်အသွေးမြှင့်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်း၊ အသေးစား၊ အလတ်စားနှင့် အငယ်စားလုပ်ငန်းများကို နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်ဖော်ဆောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ့စီးပွားရေး တည်ငြိမ်မှုအတွက် အခြေခံအုတ်မြစ်အဖြစ် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် လယ်ယာ၊ စက်မှုလက်မှုနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ပြီး ပြည်တွင်းသုံးပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရပါမည်။ ပြည်ပမှ တင်သွင်းကုန်များအပေါ် မှီခိုမှုလျှော့ချကာ ပြည်တွင်းထုတ်ပစ္စည်းများကို အသုံးပြုရန်လိုအပ်ပါသည်။ နိုင်ငံသားတိုင်းက မိမိတို့နိုင်ငံ၏ထုတ်ကုန်များကို ဦးစားပေးဝယ်ယူသုံးစွဲခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ပြည်ပကုန်ပစ္စည်းများထက် ပြည်တွင်းထုတ်ပစ္စည်းများကို ပိုမိုရွေးချယ်ဝယ်ယူခြင်းဖြင့် ဒေသခံလုပ်ငန်းရှင်များ၏ စီးပွားရေးတိုးတက်မှုကို အားပေးရာရောက်ပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရပါမည်။ အစိုးရက စက်မှုဇုန်များတည်ထောင်ပေးခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ပေးခြင်း၊ နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုများ ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြု

### MSME ကဏ္ဍ၏ အရေးပါမှု

MSME ဆိုသည်မှာ အနည်းငယ်သော အရင်းအနှီးဖြင့် စတင်လုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းငယ်များဖြစ်ပြီး နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်သဖွယ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင်လည်း MSME လုပ်ငန်းများက အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုခြင်းနှင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်စေခြင်းတို့အတွက် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ယနေ့ခေတ် ကမ္ဘာကြီးသည် အရာရာတွင် တိုးတက်မှုအပေါင်းနှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိပါသည်။ လူသားတို့၏ တီထွင်ကြံဆမှုကြောင့် အသစ်အသစ်တို့သည် အဆက်မပြတ်ဖြစ်ပေါ်နေရာ စီးပွားရေးလုပ်ငန်းများသည်လည်း နည်းပညာသစ်များဖြင့် တိုးတက်လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးက အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တွန်းအားပေးထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများ၏ မတူညီသည့် အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများဖြစ်သည့် ပြည်ပတင်ပို့မှု၊ တင်သွင်းမှုမျှတမှုများက နိုင်ငံ၏စီးပွားရေးအပေါ် များစွာမူတည်ပါသည်။ တင်ပို့မှု၊ တင်သွင်းမှုကွာဟချက် သို့မဟုတ် သွင်းကုန်သည် ပို့ကုန်ထက် များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် Trade Deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ထုတ်လုပ်မှုအင်အားစုက ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သစ်တောသယံဇာတပေါများကြွယ်ဝသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏ များပြားနေပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ လူမှုဘဝအများစု၏ ၉၉ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းအများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံ့စီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ☆

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ကွင်းအမှတ် (၁၆၆၁)ရှိ တောင်သူ ဦးသန်းဇော်၏ လယ်သို့ သွားရောက်ပြီး မိုးစပါးအထွက်ကောင်းမျိုးများ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂)၌ ကောက်ရိုးဖြင့် သဘာဝမြေသြဇာပြုလုပ်ထားရှိမှုနှင့် သဘာဝမြေသြဇာပြုလုပ်နည်းလက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂) ရှိတောင်သူ ဦးဘိုဘိုမောင်၏ လယ်ရှစ်ကေ၌ သဘာဝမြေသြဇာပြုလုပ်ရာတွင် ပါဝင်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ သဘာဝမြေသြဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စနစ်များနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။

**သတင်းစဉ်**

## ရေရှည်တည်တံ့သည့် မွေးမြူရေးလုပ်ငန်းများ ရှင်သန်ရေး အလေးထားဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ ခန့်ညားကုမ္ပဏီ၏ အသားတိုးနွားမွေးမြူရေး၊ အေးခဲအသားထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာနှင့် လုပ်ငန်းစတင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာရှိ ပုဂ္ဂလိက အသားတိုးကြက် မွေးမြူရေးခြံ၌ အသားစားကြက်နှင့် အသားတိုးဝက်မွေးမြူထားရှိမှု၊ ဒေသ၏ အသားဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကူးစက်ရောဂါ တားဆီးကာကွယ်ရန်နှင့် ဇီဝလုံခြုံရေး အလေးထား ဆောင်ရွက်ရန် ဆွေးနွေး မှာကြားသည်။

ယင်းနောက် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမအသင်းပိုင် မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင် သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ကိုင်သူများနှင့် လုပ်ကွက်ငယ်မွေးမြူရေး တောင်သူများအား လက်တွဲခေါ်ယူ၍ ရေရှည်တည်တံ့သည့် မွေးမြူရေးလုပ်ငန်းများ ရှင်သန်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသား၊ နို့၊ ဥ ထုတ်လုပ်မှု တိုးတက်စေရေး၊ မွေးမြူရေးအခြေခံ စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်လာနိုင်ရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိလာစေရေး၊ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မွေးမြူရေး လုပ်ငန်းများ အရှိန်ဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းစေရေး ဌာနနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## မင်းတုန်းမြို့နယ်၌ အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် မျိုးစေ့၊ ပျိုးပင်နှင့် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

မင်းတုန်း ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် မျိုးစေ့၊ ပျိုးပင်နှင့် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး(ယာယီ) ဦးကျော်သန်းစိန်က အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ယင်းကောက်ကျေးရွာ၊ ချောက်လန်ကျေးရွာ၊ ကန်ကျောကျေးရွာနှင့် ငကုန်းကျေးရွာတို့မှ တောင်သူ ၃၀ အား ပိန္နဲပင် ၁၀၀၊ စပါးမျိုးစေ့ တင်း ၂၀၊ မြေပဲမျိုးစေ့ ၁၂ တင်းနှင့် ဓာတ်မြေသြဇာ နှစ်တန်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**




☆ စာမျက်နှာ ၆ မှ

ပြည်တွင်း၌ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ အများဆုံးပါဝင်နေပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများ၏အခြေအနေကို လေ့လာကြည့်မည်ဆိုပါက အကြီးစားစီးပွားရေးလုပ်ငန်းများထက် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)များက များစွာအထောက်အကူပြုသည်ကို တွေ့ရမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်ပြီး အခြေခံအကျဆုံးစီးပွားရေးလုပ်ငန်းလည်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးအားကောင်းလာစေရန်အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။

**❝ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ရန် ရေ၊ မြေ၊ ရာသီဥတုစသော အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေကို ကောင်းစွာပြုပြင်ပြီး လိုအပ်သည့်သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ အပြည့်အဝအသုံးပြုခြင်း၊ စိုက်ပျိုးရေကို သီးနှံ၏လိုအပ်ချက်နှင့်အညီ ပေးဝေခြင်း၊ မိရိုးဖလာစိုက်ပျိုးနည်းများအစား ခေတ်မီနည်းပညာများကို အသုံးပြုခြင်းဖြင့် သီးနှံများအထွက်တိုးလာမည်ဖြစ်ရာ တောင်သူများလည်း ဝင်ငွေတိုးလာကြမည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများ တိုးတက်လာပါက လုပ်ငန်းလုပ်ကိုင်နေကြသည့် ပြည်သူတစ်ဦးချင်းစီ၏ ဝင်ငွေသည်လည်း တိုးတက်လာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ❞**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ရန် ရေ၊ မြေ၊ ရာသီဥတုစသော အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေကို ကောင်းစွာပြုပြင်ပြီး လိုအပ်သည့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ အပြည့်အဝအသုံးပြုခြင်း၊ စိုက်ပျိုးရေကို သီးနှံ၏လိုအပ်ချက်နှင့်အညီ ပေးဝေခြင်း၊ မိရိုးဖလာစိုက်ပျိုးနည်းများအစား ခေတ်မီနည်းပညာများကို အသုံးပြုခြင်းဖြင့် သီးနှံများအထွက်တိုးလာမည်ဖြစ်ရာ တောင်သူများလည်း ဝင်ငွေတိုးလာကြမည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများ တိုးတက်လာပါက လုပ်ငန်းလုပ်ကိုင်နေကြသည့် ပြည်သူတစ်ဦးချင်းစီ၏ ဝင်ငွေသည်လည်း တိုးတက်လာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာစေရန် နိုင်ငံသားတိုင်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ပြည်တွင်းထုတ်ကုန်များ ပိုမိုကောင်းမွန်လာပါက နိုင်ငံတော်၏ စီးပွားရေးသည် ပိုမိုတည်ငြိမ် ခိုင်မာကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ကုန်ထုတ်လုပ်မှုများ မြင့်တက်လာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများ၏ "ပညာရည်ချွန် လူရည်မွန်" သီချင်းဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ထို့နောက် ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူစာရင်းဝင် သိပ္ပံတွဲ ခြောက်ဦး၊ ဝိပ္ပံတွဲ နှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အမှတ်အများဆုံး သိပ္ပံတွဲလေးဦး၊ ဝိပ္ပံတွဲသုံးဦးနှင့် ဝိဇ္ဇာတွဲသုံးဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်တက္ကသိုလ်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ အောင်ချက်အကောင်းဆုံး အထက်တန်းကျောင်းများ၊ အထက်တန်းကျောင်းခွဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် ၅၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅၃ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် ၃၂၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၀၀၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၉၆၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇၇ ဦးတို့အား ခရိုင်အလိုက် ပြန်လည်ချီးမြှင့်ရန် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရိုင်ပညာရေးမှူးများထံ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်ဆီသို့" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၆၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၀၈၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၈၃ ဦးအား သွေးအမျိုးအစား စစ်ဆေးပေး၍ အမျိုးသားတစ်ဦးအား ငှက်ဖျားပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၆ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ဘုန်းကြီး ကျောင်းဝင်းအနီး လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မှော်ဘီ ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် အထက(၂) ရွှေရတုခန်းမ၌ ဟောပြောသည်။



အခမ်းအနားတွင် မှော်ဘီတပ်ဖွဲ့စု(၆၄)မှ ဒုရဲမှူးအောင်ဇော်က ကျောင်းသား ကျောင်းသူများအား ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ လမ်းဖြတ်ကူးလိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အုပ်စုလိုက်အစုအဝေးဖြင့် လျှောက်လိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ် စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းများ၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများကို သိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တနင်္သာရီမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

တနင်္သာရီ ဩဂုတ် ၁၃

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ပလတ်စတစ်လျှော့ချသုံးစွဲရေးနှင့် မီးခိုးငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အထက(တနင်္သာရီ) ပညာရတနာခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဟောပြော

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ သစ်တောသစ်ပင်များမှ တိုက်ရိုက်/သွယ်ဝိုက် ရရှိသော အကျိုးကျေးဇူးများ၊ ရေချိုအားချွေတာသုံးစွဲရေးနှင့် ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ ပလတ်စတစ်များ လျှော့ချသုံးစွဲရေး၊ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး၊ မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ မီးခိုးငွေ့၏ ဆိုးကျိုးများနှင့် ကာကွယ်နိုင်သည့် နည်းလမ်းများကို ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။




သီသီခိုင်(တနင်္သာရီ)

■

# မုံရွာမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကျင်းပ



မုံရွာ ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ကလေးများ အနာဂတ်လှပဖို့၊ မိခင်နို့ချိုတိုက်ကျွေးလို့၊ ရင်းနှီးမြှုပ်နှံကြပါစို့"နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှအစပြုပြီး အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်ခြင်းလုပ်ငန်းများကို ပိုမိုခိုင်မာအောင် အရှိန်အဟုန်မြှင့်တင်ပြီး အားလုံးပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသူများက ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မူလတန်းကြိုကျောင်းများမှ အသက်ငါးနှစ်အောက် ကလေးငယ်များကို အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါခန်းမအတွင်း ခင်းကျင်းပြသထားသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ဆေးများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ထားဝယ် ဩဂုတ် ၁၃

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေး မြှင့်တင်စို့ ဆောင်ပုဒ်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အဓိကမြော်တွေး ကျန်းမာရေးသီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆိုသည့်အတိုင်း နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက် ရေး အဓိကလူ့စွမ်းအားအရင်းအမြစ် ဖြစ်သော ကျောင်းသား လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနပူးပေါင်းပြီး အခြားဆက်စပ်ဌာနများ၏ ပံ့ပိုးကူညီမှုများနှင့်အတူ ရှေ့ဆက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**သီဆိုဂုဏ်ပြု**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများအဖြစ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက ကျန်းမာရေးသီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အခြေခံပညာ ကျောင်းများမှ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု မှတ်တမ်းများကို လှည့်လည် ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကာကွယ်ရေး လက်တွေ့သရုပ်ပြ

ကျိုက်လတ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (သာယာဝဲ)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ၊ မီးဘေးအန္တရာယ်အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ EV Car များ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြသခဲ့ရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(သာယာဝဲ)မှ ကျောင်းသား ကျောင်းသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လှိုင်မင်းအောင်(ပြန်/ဆက်)**



# အထက်မင်းလှမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

အထက်မင်းလှ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့က မင်းလှမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်နှင့် အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ကြသည်။

မိုးရာသီတွင် ပိုးလောက်လမ်းမှတစ်ဆင့် ခြင်ပေါက်ပွားမှု များပြားလာနိုင်သဖြင့် ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ တာယာဟောင်းများ၊ ရေပုံး၊ ရေအိုးများ၊ ပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ပြီး ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါအန္တရာယ်မှ ကင်းဝေးစေရန် ရေသိုလှောင်ကန်များ၊ ရေတိုင်ကီနှင့်



ကျောက်စည်ပိုင်းများကို အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

# ရေစကြိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရေစကြို ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ဩဂုတ် ၁၂ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေးဆောင်ရွက်ခြင်းကို ရေစကြိုမြို့ မြို့ပေါ်ရပ်ကွက်များ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် မြို့နယ်စည်ပင်အဖွဲ့ပိုင်ဈေးများတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့(မြို့ပေါ်)နှင့် လုံခြုံရေးတပ်ဖွဲ့များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေဇင်မို့(ရေစကြို)**

# ပဲခူးမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပဲခူး ဩဂုတ် ၁၃

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူတိုင်း သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းရေး အတွက် အာဟာရပြည့်ဝမျှတရေးသည် အဓိက အခြေခံကျသည့်လိုအပ်ချက် ဖြစ်ကြောင်း၊ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူချွန်လူကောင်းများ ပေါ်ထွက်လာစေရေး အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာ အောင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်က ကျောင်းကျန်းမာရေးသတင်းပတ်လှုပ်ရှားမှု အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မူလတန်းကျောင်းသား ကျောင်းသူ များက "စိတ်လှဖို့လိုတယ်"သီချင်းဖြင့် တေးသရုပ် ဖော်တင်ဆက်ကြပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဗီဒီယိုကို ကြည့်ရှုခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြသထားသည့်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု ခဲ့ကြပြီး အသက်ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေး ကာ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ကိုယ်ဝန် ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြကြောင်း သိရ သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပုသိမ်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် တန်ဖိုးသင့်အာဟာရအချက်အပြုတ်ပြိုင်ပွဲ ကျင်းပ




ပုသိမ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် တန်ဖိုးသင့် အာဟာရ အချက်အပြုတ်ပြိုင်ပွဲ ကို ယနေ့နံနက် ၁၁ နာရီက ပုသိမ် မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည် ထွန်းက အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာ သီဟက တန်ဖိုးသင့်အာဟာရ အချက်အပြုတ်ပြိုင်ပွဲနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းက ပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဟာရဖွံ့ဖြိုး ရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် တန်ဖိုးသင့် အာဟာရ အချက်အပြုတ်ပြိုင်ပွဲ ကို ကျင်းပရာ ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်မှ ပြိုင်ပွဲဝင်အဖွဲ့ ရှစ်ဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်း အနားကိုကျင်းပရာ တိုင်းဒေသ ကြီး မိခင်နှင့်ကလေးစောင့်ရှောက် မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီး မှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အဖွဲ့ များနှင့် ဂုဏ်ပြုဆုရရှိသောအဖွဲ့များ အား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

အခမ်းအနား အပြီးတွင် တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရကျွေးမွေးပြီး အာဟာရ ဖြည့်အစားအစာများကို ပေးအပ် ချီးမြှင့်ကြသည်။ ထို့နောက် အသက် ငါးနှစ်အောက် ကလေးငယ်များ အား အာဟာရဖြည့်အစားအစာ များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်တွင် အမျိုးသမီးရေးရာအဖွဲ့နှင့် အိမ်ခြံမြေအကျိုးတော်ဆောင်လုပ်ငန်း လုပ်ကိုင်သူများအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၃ ရက်က အောင်ဗောဓိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၇၀ တို့အတွက် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၃

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများ က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ဝါးတရာကျေးရွာ အုပ်စုသို့ တာဝန်ရှိသူများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိ သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ဝါးတရာကျေးရွာ အုပ်စုအတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ် ရေးကတ်ပြား မရှိသေးသည့် ကျေးရွာနေ ပြည်သူများအား လိုအပ်သော သက်သေခံအထောက် အထားများနှင့် စာရွက်စာတမ်း များ စိစစ်၍ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပြုလုပ်ပေးခဲ့ကြ ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)




# ချောင်းဆုံမြို့နယ်၌ လင်းရောင်ခြည်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဂုဏ်ပြုပွဲ ကျင်းပ

ချောင်းဆုံ ဩဂုတ် ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လင်းရောင်ခြည်(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးအခမ်းအနားနှင့် ပညာရည်ချွန်ဂုဏ်ပြုပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအဖြစ်ဆောင်ရွက်သည့် မြို့နယ်ပညာရေးမှူး ဦးလှဌေးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားကာ တာဝန်ရှိသူများက လင်းရောင် ခြည်ငွေစုငွေချေးသမဝါယမအသင်း ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများဖတ်ကြားခြင်း၊ အသင်းသားများ၏ စုဆောင်း ငွေပေါ်အတိုး၊ အစုအပေါ်အမြတ်များကို ထုတ်ပေးခြင်းနှင့် တက္ကသိုလ် ဝင်စာမေးပွဲ အောင်မြင်ခဲ့သော အသင်းသားများ၏သား/သမီး ၁၄ ဦး တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်းနှင့် အသင်းဖွံ့ဖြိုးတိုးတက် ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို အသင်းသားများက အကြံပြုခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများနှင့် တွေ့ဆုံ




နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ရှမ်းပြည်နယ် တာချီလိတ်မြို့၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့ရှိ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ Hybrid ဖြင့် ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး၊ စည်းကမ်းလိုက်နာမှုမရှိသည့် ကုမ္ပဏီများအနေဖြင့် အရေးယူခံရနိုင်သည့် အခြေအနေများ၊ ထုတ်ပြန်ထားသော နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ခွင့်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်(၅/၂၀၂၄)အတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်မှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေး ဈေးကွက်တည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဒေသတွင်းအခြေအနေနှင့် အခက်အခဲများအပေါ် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မသမာသူများ၏ အသုံးချမှုမခံရစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ပခုက္ကူ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ ကျင်းပသည်။




**ပေးအပ်**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ပြီးစီးခဲ့သည့် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာနှင့် စက်ချုပ်နည်းပညာ သင်တန်းများမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ၁၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းကာလအတွင်း အသုံးပြုသည့် လက်ရက်ကန်းနှင့် စက်ရက်ကန်း ပစ္စည်းများ၊ သင်တန်းသူများကိုယ်တိုင် ဒီဇိုင်းရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြင်ဦးလွင်မြို့နယ်ရှိ ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြင်ဦးလွင် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဌာနကတာဝန်ယူဆောင်ရွက်လျက်ရှိသော ဆင်လမ်း-ဆင်ဖြူအင်း-အုတ်ဖိုကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးလှိုင်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးပြုကျေးရွာ သုံးရွာ၊ အိမ်ခြေ ၁၄၇၄ အိမ်၊ လူဦးရေ ၈၂၁၁ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား (ဧပြီ၊ မေ၊ ဇွန်) လတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ကွင်းဆင်းထုတ်ပေးခြင်းကို ဩဂုတ် ၁၁ ရက်က အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ ထုတ်ပေးရာတွင် ဧပြီ၊ မေ၊ ဇွန် သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လူဦးရေ စုစုပေါင်း ၃၅၆ ဦးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ငူမြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်ငူ ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက(၁)၌ တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဟောပြောပွဲတွင် တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မော်ဆွေနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများ၊ ကလေးသူငယ်များ ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ ခွဲခြားဆက်ဆံခြင်းများ၊ အကြမ်းဖက်ခြင်းများနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကလေးသူငယ်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# မအူပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မအူပင် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းစုလီမိတက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးစည်းကမ်းများကို မအူပင်မြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းလွင်က ဖတ်ကြားပြီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်အတွင်းရေးမှူး ဦးမျိုးထွန်းဝင်းနှင့် မအူပင်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းတို့က အမှာ စကားပြောကြားသည်။



ဆက်လက်၍ မအူပင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်က အသင်းဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို မအူပင်မြို့နယ် သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့တင်သွင်းသည့် အသင်းသားစာရင်းစစ် အစီရင်ခံစာကို အသင်းစာရင်းစစ် အဖွဲ့ခေါင်းဆောင်ဦးမင်းမင်းစိုးကလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အသင်းကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ် အစီရင်ခံစာများနှင့် ငါးမွေးကန် ထုခွဲရောင်းချမှုကို အသင်းဝင်ကိုယ်စားလှယ်များက အတည်ပြု လက်ခံခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ၌ ကျင်းပမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လေ့ကျင့်မှုကို အထောက်အကူပြုမည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရန်နှင့် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့နှင့်



နေပြည်တော်တို့တွင် အားကစားနည်းများအလိုက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်၊ နည်းပြများ၏လေ့ကျင့်ဆောင်ရွက်နေမှု၊ စံချိန်၊ စံညွှန်းတိုးတက်မှု၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်း လိုအပ်မှု၊ ပြိုင်ပွဲဝင်ဝတ်စုံများနှင့် အထောက်အကူပြုပစ္စည်းများ အချိန်မီရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယခင်လအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေဆဲလုပ်ငန်းများ၊ လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြပြီး ဒုတိယဝန်ကြီးများက အားကစားအဖွဲ့ချုပ်များ၊ အားကစားပိုင်းဆိုင်ရာနှင့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ စနစ်တကျဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး မှာကြားသည်။

**သတင်းစဉ်**




# ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် လားရှိုးခရိုင်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလက်စွဲများ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မဲပေးစက်တပ်ဆင်နေရာချထားခြင်းနှင့် မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ပုံအဆင့်ဆင့်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများနှင့် လုံခြုံစိတ်ချရမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**လက်ပံတန်း ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက (၂)လမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဟေမာမျိုးသိန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်းကို ရှင်းလင်းပြသပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ကြသည်။

အဆိုပါ လက်တွေ့သရုပ်ပြခြင်းကို ဩဂုတ် ၁၃ ရက်မှ ၁၄ ထိ အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ပြည်သူ ၈၀၀ ကျော်က လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဇီးကုန်း ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ဒေသခံမဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)



ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇီးကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်စုစုနှင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများနှင့် အသုံးပြုပုံ/ အသုံးပြုနည်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်သော မဲဆန္ဒရှင်ပြည်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစိုးရနည်းပညာအထက်တန်းကျောင်း( ပင်လုံ)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**လွိုင်လင် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာ အထက်တန်းကျောင်း(ပင်လုံ)၌ အမှတ်(၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်တို့ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး တင်မောင်မြင့်က လူကုန်ကူးမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်း၊ လူကုန်ကူးခံရပါက ကြုံတွေ့ရမည့်အခက်အခဲများ၊ လူကုန်ကူးမှု ကျူးလွန်သူများအပေါ် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဗီဒီယိုကလစ်များဖြင့် ပြသကာ အသိပညာပေးဟောပြောသည်။



အလားတူ ဩဂုတ် ၉ ရက်က နမ့်စန်မြို့ အထက(၁) တွင်လည်းကောင်း၊ ဩဂုတ် ၁၂ ရက်က နမ့်စန်မြို့မအထကတွင် လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**လွိုင်လင်မိုး**

**နေရောင်**
**အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဆွေးနွေး

မော်စကို ဩဂုတ် ၁၃

ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးဆွေးနွေးပွဲမတိုင်မီ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တယ်လီဖုန်းပြောကြားခဲ့ကြောင်း သိရသည်။

အလက်စကာမြို့၌ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ပူတင်က ကင်ဂျုံအန်နှင့် ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား အစိုးရပိုင် မီဒီယာကလည်း အဆိုပါဖုန်းခေါ်ဆိုမှုနှင့်ပတ်သက်ပြီး သတင်းဖော်ပြခဲ့သည်။



အနာဂတ်တွင် ရုရှားအစိုးရ ဆောင်ရွက်မည့် ဆောင်ရွက်မှုအားလုံးကို အပြည့်အဝ ထောက်ခံမည်ဖြစ်ကြောင်း ကင်ဂျုံအန်၏ ပြောကြားချက်ကို ကိုးကား၍ မြောက်ကိုရီးယား အစိုးရပိုင် မီဒီယာက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ တယ်လီဖုန်းပြောဆိုမှုအပေါ် သတင်းဖော်ပြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ယွန်ဟတ်သတင်းဌာနက ပြောကြားခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မီးမောင်းထိုးပြရန် ခေါင်းဆောင်နှစ်ဦး၏ ဖုန်းခေါ်ဆိုမှုကို ရှားရှားပါးပါး ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးဆွေးနွေးပွဲ မတိုင်မီ ရုရှားသမ္မတပူတင်က မော်စကိုနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိသည့် တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် တယ်လီဖုန်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အာရှဒေသ၏ ယဉ်ကျေးမှုအကြွယ်ဝဆုံးနိုင်ငံအဖြစ် ထိုင်းနိုင်ငံသတ်မှတ်ခံရ

ဗန်ကောက် ဩဂုတ် ၁၃

အာရှဒေသ၏ ယဉ်ကျေးမှုအကြွယ်ဝဆုံးနိုင်ငံအဖြစ် ထိုင်းနိုင်ငံသတ်မှတ်ခံရကြောင်း သိရသည်။

အာရှဒေသတွင် ယဉ်ကျေးမှုအကြွယ်ဝဆုံး ထိပ်တန်း၁၀နိုင်ငံတွင် ထိုင်း၊ အိန္ဒိယ၊ဂျပန်၊တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား ၊တောင်ကိုရီးယား၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ရပ်တည်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး၏ ခုနစ်ရာခိုင်နှုန်းသာရှိသော်လည်း ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ခရီးသွားဧည့်သည် လာရောက်မှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် ရပ်တည်နေကြောင်း US News & World Report 2024 ၏ အစီရင်ခံစာအရ သိရသည်။

နိုင်ငံအတွင်း ဆွဲဆောင်နေသည့်အရာများမှာ ခေတ်မီမြို့ကြီးများနှင့် ရှေးဟောင်းအထင်ကရနေရာများ၊ သမိုင်းကြောင်းဆိုင်ရာနှင့် သဘာဝနေရာများများပြားမှု၊ သဘာဝကမ်းခြေများ၊ တန်ဆာဆင်ထားသော ဘုရားကျောင်းများနှင့် ထိုင်းအစားအစာများဖြစ်သည်ဟု အစီရင်ခံစာအရ သိရသည်။

ယခုကဲ့သို့ အသိအမှတ်ပြုခံရခြင်းသည် နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးနိုင်မှုအင်အားကို ထင်ဟပ်စေသည်ဟု ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဆာဆီကန် ဝပ်တနာဂွန်က ပြောသည်။ ယဉ်ကျေးမှု ကြွယ်ဝခြင်းသည် နိုင်ငံတော်၏ ဂုဏ်ကို ကိုယ်စားပြုရုံသာမက သိသာထင်ရှားသည့် စီးပွားရေးအခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဗန်ကောက်ပို့စ်
ဘာသာပြန်-စိုးသူရ

# ဂါဇာအရေးဆွေးနွေးရန် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့ အီဂျစ်နိုင်ငံသို့ ထွက်ခွာ

ဂါဇာစီးတီး ဩဂုတ် ၁၃

ဟားမတ်စ် ကိုယ်စားလှယ်အဖွဲ့က ဂါဇာအရေးဆွေးနွေးရန် အီဂျစ်နိုင်ငံသို့ ယမန်နေ့က ထွက်ခွာခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများ ရပ်တန့်နေချိန်တွင် ဟားမတ်စ်အဖွဲ့၏ ယခုခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံက စေ့စပ်ညှိနှိုင်းဖျန်ဖြေသူအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့က အီဂျစ်အစိုးရထိပ်တန်းအရာရှိများနှင့် တွေ့ဆုံပြီး ဂါဇာဒေသ၌ ဖြစ်ပေါ်လျက်ရှိသည့် နောက်ဆုံးအခြေအနေများအပါအဝင် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများ ပြန်လည်စတင်ရန်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဂါဇာဒေသရှိပြည်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆိုးရွားသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

လက်ရှိတွင် အစ္စရေးက ဟားမတ်စ်ကို ဖိအားများ ပေးလျက်ရှိပြီး ဂါဇာကမ်းမြောင်ဒေသတွင် ၎င်း၏စစ်ဆင်ရေးကို တိုးချဲ့ကာ ဒေသတွင်း၌ အကြီးဆုံးမြို့ဖြစ်သည့် ဂါဇာမြို့ကို သိမ်းပိုက်ရန် စီစဉ်နေကြောင်း သိရသည်။

အစ္စရေးမှ စေ့စပ်ညှိနှိုင်းရေးမှူးများ ကာတာနိုင်ငံသို့ မကြာမီရက်အနည်းငယ်အတွင်း လာရောက်နိုင်ကြောင်း အစ္စရေးမီဒီယာက ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်စတင်မည်လားဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၁၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၁၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန



# မိတ္ထီလာမြို့နယ် ကန်သာအေး-အောင်သာလမ်း မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ကန်သာအေး- အောင်သာလမ်းဌာနမှ စက်ယန္တရားများဖြင့် မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများက ဩဂုတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၄၇ ဒသမ ၁၀၄ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည် ၁/၂မိုင်၊ အကျယ် ၁၈ ပေ၊ ဒု ၂ ပေ ၄လက်မရှိကန်သာအေး-အောင်သာလမ်းအား ဌာနမှ စက်ယန္တရားများဖြင့် မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မော်ဘီမြို့နယ် ကြက်ဖြူကန်ကျေးရွာ ကြက်ဖြူကန်ကားမှတ်တိုင်အနီးတွင် အောင်ပြည့်ဖြိုးကျော်(ခ)အောင်အောင် အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ်၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၁၂ နာရီတွင် သတင်းအရ မြိတ်မြို့ ရေပုန်းရပ်ကွက် အထက်ရေပုန်းရပ် စပါးရွှေဝါ လမ်းမပေါ်တွင် ထက်လှိုင်မြင့်(ခ)ကိုထက် မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၅ သိန်း) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် အုန်းတောလမ်းရှိ တင်တင်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅၅ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ပေါ်ပေါက်ချက်အရ ည ၇နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်၊ ကမ်းနားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများကို ရောင်းချရန် ဝယ်ယူထားရှိသူ ကျော်သီဟ(ခ)စိန်ကြီးအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူ ကျော်သီဟ(ခ)စိန်ကြီးနှင့် တင်တင်ဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ တရားမဝင် မီးသွေး ၃၈ ဒသမ ၇၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၁၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်၉ရက်တွင်နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာသုည ဒသမ ၃၈၃ တန်၊ အခြားသစ် ၉ ဒသမ ၇၁၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃၀၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာအနီး၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ထီးပိုးကလို့ကျေးရွာအနီး၌ ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၃၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၈၇၈၅၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး ခန့်မှန်းတန်ဖိုးငွေ ၁၁၁၂၂၈၀၄ ကျပ် နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် BEIBEN 2538 SZ Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၈၇၇၃၂၈၀၄ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၃၆ ဒသမ ၄၈၀ တန်၊ ကျွန်းသစ် ၄ ဒသမ ၆၀၈ တန်၊ အခြားသစ် ၃ ဒသမ ၀၃၃ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၅၉၉၂၃၁ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၆၉၇၆၉၂၃၁ ကျပ်ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၉၈၅၈၁၆၆၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၄၇၆၂၈၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၈-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ခေတ္တမင်္ဂလာသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဝုံးရှမ်းတို့ရဲ့မြို့တော်ကျိုင်းတုံ
- ၀၉:၁၀ NRC အစီအစဉ်
- ၁၀:၃၅ ငွေမြုပ်နှံမှုအရွေ့မှသည်.... SME သို့ရည်
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မှန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၄)
- ၁၅:၃၀ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငြမ်
- ၁၆:၄၅ အိစိမ့်ချိုမွှေးအရသာ...ထောပတ်သီးပလာတာ
- ၁၇:၁၀ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေပြောစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အငဲ့တန်ဖိုး' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မှန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၁၉)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: An Da Yel Kin (Htar)
- 07:10 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-7)
- 07:17 Mt. Naw Bu Baw
- 07:28 Healthy Diet: Detox Water
- 07:37 Sayit-Wyne Girls
- 08:01 News
- 08:26 Asia Updates; red willows along the icy river
- 08:33 National Museum (Yangon) (Ep-2)
- 09:01 Offering the Lotus Robe of its Kind
- 09:25 Tea Export
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝင်းသူများ' အပိုင်း(၇)
- ၀၈:၀၀ စတီရီယိုတေးများ
- ၀၈:၂၀ ဆိုကရေးတီးဆုရ (ဒိုးပတ်အတီးပြိုင်ပွဲ၊ တစ်ဦးချင်းအက၊ ကချာလွတ်ယိမ်း)
- ၀၉:၃၅ ကာတွန်း 'ဗိုးကောင်ကြီးဥယျာဉ် စွန့်စားခန်း' အပိုင်း(၄၃)
- ၁၀:၀၀ စတီရီယိုတေးများ
- ၁၀:၂၀ မြန်မာရုပ်ရှင်(ဖြူမည်း) 'အကြင်တို့လင်မယား'

### MRTV NRC

- ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀) သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
- အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
- အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀) စာပေအမြုတေ
- ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀) အပန်းဖြေရင်းလည်ပတ်ကြမယ် ခိုင်ကမ်းဆင်စခန်း
- ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀) ချင်းရိုးရာတူရိယာများ
- မွန် (၁၁:၀၀ မှ ၁၃:၀၀) ထန်းပင်ပေါ်ကတို့ပေပေ
- ရခိုင် (၁၃:၀၀ မှ ၁၅:၀၀) သျှစ်သောင်းပုထိုးတော်ကြီး
- ရှမ်း (၁၅:၀၀ မှ ၁၇:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ
- ဝ (၁၇:၀၀ မှ ၁၉:၀၀) 'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၁)
- ကချင် (၁၉:၀၀ မှ ၂၁:၀၀) ဒေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့ (အပိုင်း-၁)
- ကယား (၂၁:၀၀ မှ ၂၃:၀၀) လီဆူတိုင်းရင်းသားတို့စံပျော်ရာ အိုင်စန့်ကျေးရွာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'တိုရိုးယားနိုင်ငံ' (အပိုင်း-၂)
- ၁၁:၀၀ ရှေးသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၀)

### MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ကျေးလက်ကွန်ရက်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland
- ၁၉:၀၀ The Flood
- ၂၀:၀၀ အချေအတင်(ဇာတ်လမ်း)
- ၂၂:၀၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၄၀ Weekly Soccer Preview
- ၁၂:၀၀ Carabao Futsal Champion Cup 2025 KKY Vs YCDC MHDT
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တပ်ကုန်းမြို့နယ်အတွင်း လမ်းဘေးအရိပ်ရ သစ်ပင်စိုက်ပျိုးမှု၊ စာကြည့်တိုက်နှင့် ခရီးသွားဖော်ဆောင်ရေး ကွင်းဆင်းကြည့်ရှု



တပ်ကုန်း ဩဂုတ် ၁၃

နေပြည်တော်ကောင်စီဝင် ဦးဖေယျာလင်းသည် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်း-ဥတ္တရသီရိမြို့နှင့် ဆက်သွယ်ထားသော ကွန်ကရစ်လမ်းဘေး၌ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဦးဆောင်စိုက်ပျိုးသည့် အရိပ်ရ ကုက္ကိုပင် ၅၀ အား ကြည့်ရှုအားပေးသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ မကျီးပင်ကျေးရွာ "ရောင်ခြည်ဦး" စာကြည့်တိုက်၊ ပင်သောင်ကျေးရွာ "လူထုဗဟိုပြု စီမံကိန်း" စာကြည့်တိုက် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံ၍ စာကြည့်တိုက်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်များ အသစ်တိုးပွားရေး၊ စာကြည့်တိုက်များတွင် သစ်ပင်၊ သစ်တော ကာကွယ်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးစာအုပ်များ စုံလင်စွာ ထားရှိပြီး ပြည်သူများကျယ်ပြန့်စွာ ဖတ်ရှုလေ့လာ စေရေး ဆွေးနွေးမှာကြားကာ သုတရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဖေယျာလင်းနှင့် တာဝန်ရှိသူများသည် အုန်းပင် ကျေးရွာ၊ ရှေးဟောင်းသားခိုတောင်တော်မြတ်သို့ ရောက်ရှိ၍ ဒေသဖွံ့ဖြိုးစေရန် ခရီးသွားနေရာ ဖော်ဆောင်ရေးအတွက် မှဝ်ဦးအဝင်မှ လမ်းတစ်လျှောက်တွင် မဟာလေ့ခါးပန်း စိုက်ပျိုးမည့် နေရာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၃)သင်တန်းဆင်း



ရန်ကုန် ဩဂုတ် ၁၃

အရာထမ်းငယ် သင်တန်းအမှတ်စဉ် (၁၃၃)၏ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ခနဲ၊ ရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပ သည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ် အားအလေးပြုပြီး နိုင်ငံတော်အလံကို အလေးပြုကြ သည်။

ယင်းနောက် ပါမောက္ခချုပ်က သင်တန်းသား စံပြဆုနှင့် စာပေထူးချွန်ဆုကို သင်တန်းသား ဦးကျော်မင်းဦး(ဒုတိယဦးစီးမှူး) လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်သဲစုစုစံ (ဒုတိယမီးသတ်ဦးစီးမှူး) မီးသတ်ဦးစီး ဌာန ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ချီးမြှင့်ပေး အပ်ကာ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၂ ဦး၊ သင်တန်းသူ ၁၆၂ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သာစည်မြို့နယ်၌ အလုပ်ခွင်ထိခိုက်သေဆုံးသူအတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

သာစည် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ်(၃) တန် ၁၂၀၀ ဘီလပ်မြေစက်ရုံ မှ အာမခံအလုပ်သမား အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွား သည့်အတွက် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက်နံနက်ပိုင်းက မြို့နယ်လူမှုဖူလုံရေး အဖွဲ့ရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမားများခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိနှင့် မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိဦးထက်လွင်က သာစည်မြို့နယ် အမှတ်(၃) တန် ၁၂၀၀ ဘီလပ်မြေစက်ရုံမှ အာမခံအလုပ်သမား ဦးဘိုလင်း၏ အလုပ်ခွင်ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၃၆၀၀၀၀၀ ကို စက်ရုံတာဝန် ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ ရုံးဝန်ထမ်းများ ရှေ့မှောက်၌ သေဆုံးသူ၏ဇနီး ဒေါ်ခင်မျိုးမြင့်ထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြဝတီ ဩဂုတ် ၁၃

ကရင်ပြည်နယ် မြဝတီမြို့၌ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် မွန်းလွဲ ၁ နာရီတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ "ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ" အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲ အခမ်းအနားများကို ကျင်းပသည်။

အဆိုပါ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အဖွင့်အမှာစကား



ပြောကြားပြီး မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်း ဆောင်ရွက်မှုဗဟိုဌာနက ပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုကလစ်နှစ်ခုအား ပရိုဂျက်တာဖြင့် အသိပညာပေးပြသသည်။

ထို့နောက် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်စန်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဦးသက်ဇော်ထွန်း၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန(ဂေဟာ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နှယ်နွယ်ရီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းနှင့် စားသုံးသူ ရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနိုင်တို့က ဆက်သွယ်ရေး လိမ်လည်မှုအမျိုးအစားများ၊ Online Media ဖြင့် အမည်အမျိုးမျိုး၊ Account အမျိုးမျိုးသုံးကာ လိမ်လည်ခဲ့မှုဖြစ်စဉ်များ၊ လောင်းကစားမှုနှင့် လူကုန်ကူးမှု၊ လိမ်လည်မှုဆိုင်ရာများနှင့် ဆက်စပ်သည့် ဆက်သွယ်ရေး လိမ်လည်မှုဖြစ်စဉ်များ၊ လူမှုပတ်ဝန်းကျင်၌ကြုံတွေ့ရသည့် အကြောင်း အရာများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သတိပြုဆင်ခြင်ရမည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ စသည့် အကြောင်း အရာများကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရ သည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ မြတ်စေတနာရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မြတ်စေတနာရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်စေတနာ ရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်မောင်က အဖွင့် အမှာ စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးသို့တင်ပြ သည့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်း တင်ပြခဲ့ကြ သည်။ ယင်းနောက် တက်ရောက်လာသည့် အသင်းကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

အဆိုပါ နှစ်ပတ်လည် အရပ်ရပ် ဆိုင်ရာ အစည်းအဝေးတွင် အသင်း သားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်







ယနေ့ညမှ ၁၇-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြိတ်လေတပ်စခန်းဌာနချုပ် ရွှာဟော့လူခန်းမ၌ ကျင်းပရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

